# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
## (၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ် စတင်ပါတော့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက် ရက်စွဲပါကြေညာချက်အမှတ် (၁၄/၂၀၁၄) အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးနှင့် ၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက် ရက်စွဲပါ ကြေညာချက် အမှတ် (၁၇/၂၀၁၄) အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အစားထိုး ပြောင်းလဲထားပါတယ်။ ဒါကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးအနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမည့် ကိုယ်စားလှယ်များ မိမိ၏စားပွဲရှေ့ရှိ ကတိသစ္စာပြုလွှာများကို ယူဆောင်ပြီး စင်မြင့်ရှေ့ သတ်မှတ်ထားတဲ့နေရာများမှာ နေရာယူပေးဖို့ဖြစ် ပါတယ်။ ကျွန်တော်က ကတိသစ္စာတိုင်ပေးတဲ့အခါမှာ တပ်မတော်သားကိုယ်စားလှယ်များက အားလုံး လိုက်ဆိုဖို့ဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးဖို့ဖြစ်ပါ တယ်။ ကတိသစ္စာပြုတဲ့အခါမှာ ကျွန်ုပ်လို့ ဥက္ကဋ္ဌက ရှေ့ကပြောတဲ့အခါမှာ ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ကိုယ်ပိုင်နံပါတ်၊ အဆင့်အမည်များကိုလိုက်ဆိုဖို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုချက်-

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် ၁၁ ဦး က ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ် -------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများ ကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာ စောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည် ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ် ၁၁ ဦး မိမိတို့ သတ်မှတ်ထားတဲ့နေရာသို့ ပြန်လည်နေရာယူရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၆၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၈-၅-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့် ဦးရေ ၃၉၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၃၁ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန် ကြားသူများမှာ-

**မူကြမ်း**

(၁) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၃ ရက်၊
(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃ ရက်၊
(၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၃ ရက်၊
(၄) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊
(၅) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၃ ရက်၊
(၆) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၃ ရက်၊
(၇) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၃ ရက်၊
(၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၃ ရက်၊
(၉) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၃ ရက်၊
(၁၀) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၃ ရက်၊
(၁၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊
(၁၂) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၃၀ ရက်၊
(၁၃) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် အစည်းအဝေးပြီးဆုံးသည်အထိ၊
(၁၄) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊
(၁၅) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၂ ရက်၊
(၁၆) ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ခွင့် ၁ ရက်၊
(၁၇) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်း အစည်းအဝေးပြီးဆုံးသည်အထိ၊
(၁၈) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန် ခွင့် ၃ ရက်၊
(၁၉) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ ခွင့် ၃ ရက်၊
(၂၀) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၃၁ ရက်၊
(၂၁) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၃ ရက်၊
(၂၂) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊
(၂၃) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊
(၂၄) ဒုတိယဗိုလ်မှူးကြီးဒေါ်စိုးစိုးမြင့် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၃ ရက်၊
(၂၅) ဗိုလ်မှူးညီညီဇော် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁၄ ရက်၊
(၂၆) ဗိုလ်မှူးမျိုးထွေး တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁၄ ရက်၊
(၂၇) ဗိုလ်မှူးထင်အောင်ကျော် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁၄ ရက်၊

**မူကြမ်း**

(၂၈) ဗိုလ်မှူးသန်းနိုင်လွင် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁၄ ရက်၊

(၂၉) ဗိုလ်မှူးမြတ်သိန်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁၄ ရက်၊

(၃၀) ဗိုလ်မှူးသော်ဇင် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁၄ ရက်နှင့်

(၃၁) ဗိုလ်မှူးဟန်စိုးထွဋ် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁၄ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၃၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ **]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရပ်နားစဉ်ကာလအတွင်း မဲဆန္ဒရှင်များနှင့်တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံ ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်း၊ နယ်မြေဒေသဖွံ့ဖြိုးရေးကိစ္စများကို စိစစ်ကူညီ ဆောင်ရွက်ပေးခြင်း၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထား၊ ပြည်သူ့လိုအပ်ချက်များကို ကြားသိရအောင် ပြုလုပ်နိုင်ခဲ့ခြင်းများ ဆောင်ရွက်ခဲ့ကြလို့ ကိုယ်စားလှယ်ကြီးများ၏ စေတနာနှင့် စွမ်းဆောင်ချက်များကို အလေးထားဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကလည်း အလုပ်များစွာဖြင့် ကိုယ်စားလှယ်ကြီးများကို စောင့်ကြိုလျက်ရှိပါတယ်။ အလုပ်

တွေက တော်တော်များများရှိနေတော့ အချိန်မီနဲ့ စနစ်တကျပြီးစီးသွားဖို့ ကိုယ်စားလှယ်ကြီးများရဲ့ ကိုယ်ကျန်းမာရေးနှင့် စိတ်ချမ်းသာပျော်ရွှင်မှုရှိကြပါစေလို့လည်း ဆုမွန်တောင်းပါတယ်။ ကိုယ်စားလှယ်များအချင်းချင်းဖြစ်စေ၊ အခြားမည်သည့်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ပြည်သူများနှင့်ဖြစ်စေ၊ မီဒီယာများနှင့်ဖြစ်စေ တွေ့ထိဆက်ဆံပြောဆိုလုပ်ဆောင်ကြရာမှာ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ နားလည်မှုရှိခြင်းတို့ကို စိတ်ကောင်းစေတနာနှင့် ယှဉ်တွဲဆောင်ရွက်နိုင်ကြပါစေ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးတို့သည် မဖြစ်မနေဆောင်ရွက်ရမယ့် အမျိုးသားရေးတာဝန်ဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များက ဤကိစ္စကို အလေးထားပြီး ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ကြပါစေကြောင်း ပန်ကြားတိုက်တွန်းရင်းကြိုဆိုနှုတ်ခွန်းဆက်လိုက်ရပါတယ်။

## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးနှင့် ဒသမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့်မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နဝမပုံမှန်အစည်းအဝေးနှင့် ဒသမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ခရီးစဉ်များကို သွားရောက်ခဲ့ကြပါတယ်။ ခရီးစဉ်များကတော့-

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၄-၄-၂၀၁၄ မှ ၁၀-၄-၂၀၁၄ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံသို့ လွှတ်တော်လေ့လာရေးခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၇-၄-၂၀၁၄ မှ ၁၅-၄-၂၀၁၄ ရက်နေ့အထိ ဟောင်ကောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံများသို့ ချစ်ကြည်ရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၇-၄-၂၀၁၄ မှ ၁၀-၄-၂၀၁၄ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ Yong

Leadership Project ဆိုင်ရာ အစည်းအဝေးတက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ခေါင်းဆောင်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောလှထွန်း၊ ဦးဝင်းသန်း၊ ဦးနန်းဦး၊ ဦးသိန်းရီ၊ ဦးစိန်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဦးကျော်စန်း ပါဝင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၇-၄-၂၀၁၄ မှ ၉-၄-၂၀၁၄ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ မြန်မာ-အင်ဒိုနီးရှားပါလီမန်ဆိုင်ရာ တည်ထောင်ရေးအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန် သွားရောက်ခဲ့သည့်ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၅-၄-၂၀၁၄ မှ ၁၆-၄-၂၀၁၄ ရက်နေ့အထိ မက္ကဆီကိုနိုင်ငံသို့ First High Level Meeting of the Global Partnership for Effective Development Cooperation တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀-၄-၂၀၁၄ မှ ၂၇-၄-၂၀၁၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏၂၃-၄-၂၀၁၄ မှ ၂၅-၄-၂၀၁၄ ရက်နေ့အထိ ဆွီဒင်နိုင်ငံသို့ IPCD Programme Action (IPCI 2014) အစည်းအဝေးတက်ရောက်ရန် သွားရောက်ခဲ့ သည့်ခရီးစဉ်၊

(ဇ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ခေါင်းဆောင်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၁၂-၅-၂၀၁၄ မှ ၁၆-၅-၂၀၁၄ ရက်နေ့အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သို့ (၁၁) ကြိမ်မြောက် AIPA မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အချက်အလက် ရှာဖွေရေးကော်မတီ အစည်းအဝေးတက်ရောက်ရန် သွားရောက်ခဲ့သည့်ခရီးစဉ်၊

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို တင်ပြရန်ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ သက်ဆိုင်သူအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များမှ ဥက္ကဋ္ဌများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီမှ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

### နိဒါန်း

ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(က) နှင့် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လွှတ်တော်အခွင့်အရေးကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးထားသဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

### ကော်မတီ၏တာဝန်များနှင့်ဆောင်ရွက်ချက်များ

ကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၅ နှင့် ၈၆ တို့ဖြင့် ပြဋ္ဌာန်းသတ်မှတ်ပေးထားပါသည်။

အစီရင်ခံသည့်ကာလအတွင်း လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ကြောင်း လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်က တာဝန်ပေးခြင်းများမရှိပါသဖြင့် ယင်းတာဝန်နှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခဲ့ရခြင်းမရှိပါ။

**မူကြမ်း**

လွှတ်တော်အခွင့်အရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဥပဒေများနှင့် နည်းဥပဒေများ လုပ်ပိုင်ခွင့်များတွင်ပါရှိသော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်လျက်ရှိပြီး ပြင်ဆင်ရန်နှင့် ထပ်မံဖြည့်စွက်ရန် လိုအပ်သည့်အချက်အလက်များကို ရှာဖွေဖော်ထုတ်ရေးအတွက် လိုအပ်သည့်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များထံမှသော်လည်းကောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ထံမှသော်လည်းကောင်း အကြံပြုချက်များကို ရယူလျက်ရှိပါသည်။

**လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာများ တင်ပြခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်မှာ ဥပဒေပြုရေးကိစ္စများကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေး၊ ခေတ်နှင့်မလျော်ညီသောဥပဒေများကို ပြင်ဆင်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်ရေးအတွက် လွှတ်တော်အတွင်း ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်းနှင့် လွှတ်တော်အဖွဲ့အစည်းများအတွင်းတွင် လွတ်လပ်စွာပြောဆိုဆွေးနွေးနိုင်သည့် အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်တို့ကို ရရှိထားကြပါသည်။ ဥပဒေပြဋ္ဌာန်းနိုင်ရန်နှင့် အဆုံးအဖြတ်များပြုရန်အတွက် လွတ်လပ်စွာ ဆန္ဒမဲပေးခွင့်လည်းရှိပါသည်။ ထိုသို့ တင်ပြပြောဆိုဆွေးနွေးခြင်းအတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေကြောင်းအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် အခွင့်အရေးကိုလည်း ရရှိထားကြပါသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် အထက်ပါအခွင့်အရေးများကို ရရှိထားကြသော်လည်း လွှတ်တော်အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၉ အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ယင်းစည်းကမ်းချက်များကို မလိုက်နာပါက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၀ ပါအတိုင်း အရေးယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယခုအစည်းအဝေးကျင်းပချိန်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် အထက်ပါအခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်များကို အပြည့်အဝရရှိကြပြီး အကျိုးရှိစွာ အသုံးပြုကြကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ဆောင်ရွက်ကြရာတွင် ပြည်သူ့

လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးကြရာ၌ သတ်မှတ်ထားသော စည်းကမ်းချက်များ အတိုင်း မလိုက်နာသည့် လွှတ်တော်ကိုယ်စားလှယ်များရှိသည့်အခါတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတိပေးတားမြစ်သည့် အရေးယူဆောင်ရွက်မှုအချို့သာ ရှိခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

**မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အခြေအနေတင်ပြခြင်း**

လွှတ်တော်အစည်းအဝေးများကျင်းပရာတွင် မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်မှာ အထူးအလေးထားဆောင်ရွက်သည့် အစီအစဉ်ဖြစ်သဖြင့် အစည်းအဝေး၏ ပထမတစ်နာရီအချိန်အတွင်း ဆောင်ရွက်လေ့ရှိပါသည်။ မေးခွန်းများမေးမြန်းရန်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဖြစ်ပြီး ထိုသို့ မေးခွန်းမေးမြန်းရန် အထူးအခွင့်အရေး ရရှိထားခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဤအစီအစဉ်ကို တစ်ခါတစ်ရံတွင် တစ်နာရီထက်ပိုပြီး ဆောင်ရွက်ခဲ့ရသည်များကိုလည်း တွေ့ရှိရပါသည်။ ကြယ်ပွင့်ပြမေးမြန်းသည့် မေးခွန်းများကို သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကသော်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းအသီးသီးမှ အကြီးအကဲများနှင့် တာဝန်ရှိသူများကသော်လည်းကောင်း လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ဖြေကြားကြသည်ကိုလည်း တွေ့ရှိရပါသည်။

လွှတ်တော်အတွင်း မေးခွန်းမေးမြန်းခွင့်ရရှိမှုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်အချို့က ဝေဖန်ဆွေးနွေးမှုများရှိခဲ့သဖြင့် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးနောက်ဆုံးနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားစဉ် မေးခွန်းများမေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှုအပေါ် လေ့လာသုံးသပ်တင်ပြရန် လွှတ်တော်အခွင့်အရေးကော်မတီအား တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများတွင် ပြင်ဆင်ရန် ဖြည့်စွက်ရန် လိုအပ်သည်များရှိပါက အကြံပြုတင်ပြရန်အတွက်ပါ တာဝန်ပေးအပ်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၀၊ နည်းဥပဒေခွဲ(ဈ) အရ လွှတ်တော် အစည်းအဝေးတစ်ရပ်အတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း ငါးခုအထိ မေးမြန်းခွင့် ပြုထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းများ မေးမြန်းသည့်အခါ လိုက်နာရမည့် မေးခွန်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များကို နည်းဥပဒေ ၁၄၀ တွင် လည်းကောင်း၊ မေးခွန်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို နည်းဥပဒေ ၁၄၁ တွင်လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ အထက်ပါသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မေးမြန်းခွင့်မပြုသောမေးခွန်းများ မရှိခဲ့ပါကြောင်း တင်ပြအပ်ပါသည်။ ကြယ်ပွင့်

အမှတ်အသားပြမေးခွန်း ငါးခုထက်ပို၍မေးသော လွှတ်တော်ကိုယ်စားလှယ်များလည်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။ စာဖြင့်ဖြေကြားရန် မေးမြန်းသည့် မေးခွန်းများအားလုံးကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မေးမြန်းခွင့်ပြုထားသည်ကို တွေ့ရှိရပါကြောင်း တင်ပြအပ်ပါသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ မေးခွန်းများမေးမြန်းမှုနှင့် ဖြေဆိုမှုများကို စာရင်းပြုစု၍ လေ့လာစိစစ်ကြည့်ရာ စုစုပေါင်းမေးခွန်း ၃၀၂၅ ခု မေးမြန်းထားပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဖွဲ့အစည်းများက နှုတ်ဖြင့်ဖြေကြားသည့် မေးခွန်း ၁၅၄၁ ခုရှိကြောင်း၊ စာဖြင့်ဖြေကြားသည့်မေးခွန်း ၁၄၈၄ ခုရှိကြောင်း တွေ့ရှိရပါသည်။ ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းမှုနှင့် နှုတ်ဖြင့်ပြန်လည်ဖြေကြားမှုများကို စာရင်းပြုစု၍ လေ့လာစိစစ်ကြည့်ရာ ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈၇ ဦးရှိပြီး လွှတ်တော်အစည်းအဝေးများတွင် မေးမြန်းထားသည့် မေးခွန်းများကို နှုတ်ဖြင့်ပြန်လည်ဖြေကြားခံရသည့် လွှတ်တော်ကိုယ်စားလှယ် ၂၅၉ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ နှုတ်ဖြင့်ဖြေကြားသည့် မေးခွန်းပေါင်း ၁၅၄၁ ခု ရှိကြောင်းတွေ့ရပါတယ်။ လွှတ်တော်အစည်းအဝေးအတွင်း နှုတ်ဖြင့်ဖြေကြားရန် အချိန်မရသည့် မေးခွန်းများကို စာဖြင့် ဖြေဆိုပေးကြောင်း တွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မေးခွန်းတစ်ခုမှ အများဆုံးမေးခွန်း ၃၈ ခုအထိ မေးမြန်းသူဦးရေစာရင်းကို နောက်ဆက်တွဲဇယား(က)တွင် ဖော်ပြထားပါသည်။ ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ၊ လွှတ်တော်အစည်းအဝေးတွင် မေးခွန်းများဖြေဆိုပေးခြင်းခံရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေနှင့် နှုတ်ဖြင့်ဖြေဆိုသည့် မေးခွန်းအရေအတွက်တို့ကို နောက်ဆက်တွဲဇယား(ခ)တွင် ဖော်ပြထားပါသည်။ ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မေးမြန်းသည့်မေးခွန်းအရေအတွက်၊ နှုတ်ဖြင့်ဖြေကြားသည့် မေးခွန်းအရေအတွက်နှင့် စာဖြင့်ဖြေကြားသည့်မေးခွန်းအရေအတွက်တို့ကို နောက်ဆက်တွဲဇယား(ဂ) တွင်ဖော်ပြထားပါသည်။ အဆိုပါဇယားများကို လေ့လာကြည့်ခြင်းဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ပုံမှန်အစည်းအဝေးအလိုက် မေးခွန်းများမေးမြန်းခြင်းနှင့်

ဖြေဆိုခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတိုးတက်မှုကို သုံးသပ်သိရှိနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

အစည်းအဝေးကျင်းပနေစဉ်အတွင်း နေ့အလိုက်မေးခွန်းများမေးရန် အစီအစဉ်ရေးဆွဲသည့်အခါ ပျမ်းမျှအားဖြင့် မေးခွန်းခြောက်ခုမှ ရှစ်ခုအထိ သတ်မှတ်ချိန်အတွင်း မေးမြန်းခွင့်ရရှိပါသည်။ ပြည်သူ့လွှတ်တော်အစည်းအဝေးဌာနက ဆောင်ရွက်နေသော နေ့စဉ်အစည်းအဝေးတိုင်းတွင် မေးမြန်းရန်မေးခွန်းများ ရွေးချယ်ထည့်သွင်းခြင်းလုပ်ငန်းကို လေ့လာစိစစ်ကြည့်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်။

မေးခွန်းများကိုရွေးချယ်ရာတွင် ပြည်သူ့အကျိုးပြုသော ပြည်ထောင်စုနှင့်သက်ဆိုင်သော မေးခွန်းများကို ဦးစားပေးပါသည်။ ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သက်ဆိုင်သော မေးခွန်းများနှင့် မြို့နယ်အလိုက်သက်ဆိုင်သောမေးခွန်းများကို ရွေးချယ်ပါသည်။ သက်ဆိုင်ရာမှဖြေဆိုရန်အသင့်ဖြစ်ကြောင်း ပြန်ကြားထားသည့်မေးခွန်းများထဲမှ လာရောက်ဖြေဆိုမည့်ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဖွဲ့အစည်းပေါ် မူတည်၍ သက်ဆိုင်သောမေးခွန်းများကိုရွေးချယ်ပြီး နေ့စဉ်အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းကြရကြောင်း တွေ့ရှိရပါသည်။ တစ်နေ့တည်းတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး မေးခွန်းတစ်ခုထက်မပိုစေရန် စိစစ်ရွေးချယ်ပေးကြောင်း တွေ့ရှိရပါသည်။

အချို့သောကိုယ်စားလှယ်များ၏ မေးခွန်းများသည် ဝန်ကြီးဌာနတစ်ခုထက်မက သက်ဆိုင်သောမေးခွန်းများဖြစ်သဖြင့် ဖြေဆိုရန်အသင့်ဖြစ်သော ဝန်ကြီးဌာနများပေါ် မူတည်၍ တစ်ကြိမ်ထက်မက ဖြေဆိုခြင်းခံရကြောင်း တွေ့ရှိရပါသည်။အချို့မေးခွန်းများမှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေဆိုရန်ပြင်ဆင်ရာတွင် ကြန့်ကြာခြင်းကြောင့် မေးခွန်းမေးမြန်းခွင့် နောက်ကျရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်အစည်းအဝေးဌာနအနေဖြင့် မည်သည့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုမျှ ပုဂ္ဂိုလ်ရေးအရ ဦးစားပေးရွေးချယ်ပြီး မေးခွန်းများမေးမြန်းရန် အစီအစဉ်ထည့်သွင်းပေးခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

သတ်မှတ်ထားသော အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်းများ အရေအတွက်များများဖြေဆိုနိုင်ရန်အတွက် သတ်မှတ်အချိန်အတိုင်းအတာကို လွှတ်တော်ကိုယ်စားလှယ်များက ထိရောက်စွာ အသုံးပြုရန် အထူးလိုအပ်ပါသည်။ အစည်းအဝေးတိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကမကြာခဏ ကြိုတင်သတိပေးလေ့ရှိသည့်အတိုင်း အချိန်ကို ထိရောက်စွာအသုံးပြုပြီး မေးခွန်းများကို တိုတိုနှင့် ထိထိမိမိ ဖြေကြားကြရန်နှင့် မေးမြန်းကြရန်လမ်းညွှန်ချက်ကို လွှတ်တော်ကိုယ်စားလှယ်တိုင်း

လိုက်နာကျင့်သုံးရန် အလေးအနက်တင်ပြအပ်ပါသည်။ သမားဂုဏ်ပြမေးခွန်းများကို အချိန်ယူ၍ ရှည်လျားစွာ ကျိုးကြောင်းဖော်ပြပြီး မေးမြန်းခြင်းမပြုသင့်ပါ။ မေးခွန်းမေးမြန်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဖွဲ့အစည်းများက ဖြေဆိုရန်ကြန့်ကြာခြင်းကြောင့်လည်း ကောင်း၊ အစည်းအဝေးတွင် မေးခွန်းမေးမြန်းရန် အချိန်မရတော့သောကြောင့်လည်းကောင်း မေးခွန်း မေးမြန်းခွင့်မရရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်ရ ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသည့် လွှတ်တော် ကိုယ်စားလှယ်တိုင်း မေးခွန်းများမေးမြန်းခွင့်ရရှိစေရန်အတွက် သတ်မှတ်ပေးထားသောအချိန်ကို မျှတစွာအသုံးပြုပြီး မေးခွန်းများမေးမြန်းကြရန် အထူးလိုအပ်ပါကြောင်း လွှတ်တော်အခွင့်အရေး ကော်မတီအနေဖြင့် သုံးသပ်တင်ပြအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များမေးခွန်းမေးမြန်းခွင့် အခွင့်အရေးများ မဆုံးရှုံးစေရန် မေးခွန်းချိန် တစ်နာရီအတွင်း မေးခွန်းများများမေးမြန်းဖြေဆိုနိုင်ရန်အတွက် မေးခွန်းနှင့်အဖြေများအား သံခိပ် အတိုချုပ်သာ မေးမြန်းဖြေဆိုရန် အထူးလိုအပ်ပါသည်။ မေးခွန်းတစ်ခုအတွက် မေးမြန်းခြင်း၊ ဖြေဆို ခြင်းအချိန် ခြောက်မိနစ်ထက်ပို၍ မကြာမြင့်သင့်ပါကြောင်း တင်ပြအပ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် အရေးကြီးသည့်မေးခွန်းများကိုသာ နှုတ်ဖြင့်ဖြေဆိုရန် ကြယ်ပွင့်ပြ မေးခွန်းများအဖြစ် မေးမြန်းသင့်ပါသည်။ ကျန်မေးခွန်းများကို စာဖြင့်ဖြေကြားရန် မေးမြန်းသင့်ပါသည်။ သို့မှသာ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတိုင်းတွင် မေးမြန်းသည့်မေးခွန်းများကို အချိန်မီပြီးဆုံး အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ လွှတ်တော်သို့တင်သွင်းသည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများတွင်ပြဋ္ဌာန်းချက်များမှာ ပြည့်စုံမှုရှိပါသဖြင့် ပြင်ဆင်ရန်မလိုအပ်သေးပါကြောင်း လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် သုံးသပ်တင်ပြအပ်ပါသည်။ ဖြည့်စွက်မည်ဆိုပါက ကြယ်ပွင့်ပြမေးခွန်းတစ်ခုစီအတွက် သတ်မှတ် အချိန်အတွင်း နည်းဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းသင့်ပါသည်။ မေးခွန်းပါ စာလုံးအရေအတွက်ကို သတ်မှတ်ပေးထားပြီး မေးခွန်းအပြည့်အစုံကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထား ခြင်းဖြင့် မေးခွန်းမေးမြန်းခြင်းအချိန်ကို သက်သာစေနိုင်ပါသည်။ နိုင်ငံတကာလွှတ်တော်များတွင် ဤစနစ်ကို ကျင့်သုံးလေ့ရှိပါသည်။ အချိန်မည်သို့မည်မျှ မည်ကဲ့သို့ သတ်မှတ်သင့်သည်ကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**လွှတ်တော်ကိုယ်စားလှယ်များ၏ ခံစားပိုင်ခွင့်နှင့်စပ်လျဉ်း၍တင်ပြခြင်း**

လွှတ်တော်ကိုယ်စားလှယ်များသည် တစ်နှစ်လျှင် ခုနစ်လမှ ရှစ်လအတွင်း လွှတ်တော်အစည်းအဝေးများ တက်ရောက်ခြင်းနှင့် လွှတ်တော်ကော်မတီဆိုင်ရာလုပ်ငန်းများကို နေပြည်တော်တွင် လာရောက်ဆောင်ရွက်ကြရပါသည်။ ကျန်အချိန်များတွင် မိမိတို့၏ မဲဆန္ဒနယ်ဆိုင်ရာကိစ္စများကို မဲဆန္ဒနယ်မြေအတွင်း လှည့်လည်၍ ဆောင်ရွက်ကြရပါသည်။ ထိုကဲ့သို့ တာဝန်များကို မအားမလပ် ဆောင်ရွက်နေရသော်လည်း ခံစားခွင့်ရရှိသော ချီးမြှင့်ငွေနှင့် အသုံးစရိတ်တို့မှာ လုပ်ငန်းတာဝန်များနှင့် ထိုက်တန်စွာ လိုက်လျောညီညွတ်မှုမရှိသည့်အပြင် လုံလောက်မှုတမှုမရှိဘဲ နည်းပါးလျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်အများစုက ဝေဖန်ပြောကြားလျက်ရှိပြီး လွှတ်တော်အခွင့်အရေးကော်မတီသို့ လာရောက်ဆွေးနွေးတင်ပြမှုများရှိနေပါသည်။ လွှတ်တော်ကိုယ်စားလှယ်များမှာ လုပ်ငန်းတာဝန်များကို အချိန်ပြည့်ဆောင်ရွက်နိုင်ရန်အတွက် လစာချီးမြှင့်ငွေနှင့် အသုံးစရိတ်ခံစားခွင့်များ ပြည့်စုံလုံလောက်စွာ ခံစားခွင့်ရှိရန် လိုအပ်လျက်ရှိကြောင်း လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့်တင်ပြအပ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ လစာချီးမြှင့်ငွေများကို ထိုက်သင့်သောအတိုင်းအတာအထိ တိုးမြှင့်ပေးသင့်ပါကြောင်း တင်ပြအပ်ပါသည်။

သို့ဖြစ်ပါသောကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ချီးမြှင့်ငွေနှင့် စရိတ်ခံစားခွင့်နှင့် စပ်လျဉ်း၍ မည်ကဲ့သို့ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးအကြံပြုပေးကြပါရန် တင်ပြအပ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြည်သူ့လွှတ်တော်၏ သဘောတူညီချက်ရပါက လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် ဥပဒေကြမ်းကော်မတီနှင့် ပူးပေါင်းပြီး ဥပဒေပြင်ဆင်ရန်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**နိဂုံး**

ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီသည် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ခံစားခွင့်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိပါသည်။ ဆောင်ရွက်ဖြေရှင်းပေးရမည့်ကိစ္စများ ပေါ်ပေါက်ပါကလည်း ကူညီဖြေရှင်းပေးလျက်ရှိပါသည်။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်မည့်အချက်အလက်များကို ဆွေးနွေးလေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို လွှတ်တော်သို့တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်က အခါအားလျော်စွာ တာဝန်ပေးအပ်သည့် အခွင့်အရေးဆိုင်ရာကိစ္စများနှင့်

အခြားတာဝန်များကိုလည်း ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်သူ့လွှတ်တော်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို ယနေ့မှာပင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ် မဆောင်ရွက်မီ လွှတ်တော်ကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ကိုကျော်ပြီး အစီအစဉ် ၁၀ ကို ဆောင်ရွက်ပါမယ်။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ၁၇-၂-၂၀၁၄ ရက်နေ့က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၂၅-၃-၂၀၁၄ ရက်မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာပါတယ်။ ယင်းသို့ ပြန်လည်ပေးပို့ခြင်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ (က) အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက် မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး

အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၂၃ ချက်အနက်မှ အချက် ၂၀ ကို သဘောတူသင့်ကြောင်းနှင့် သုံးချက်နဲ့စပ်လျဉ်းပြီး သဘောထားကွဲလွဲကြောင်း တင်ပြလာပါတယ်။ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၂၃ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် ၂၃ ချက်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၂၃ ချက်အနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံသည့်အချက် ၂၀ တို့မှာ အခန်း(၃) ပုဒ်မ ၄၊ ပုဒ်မ ၅ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)၊ အသစ်ဖြည့်စွက်ချက် ပုဒ်မခွဲ(ဍ)၊ အခန်း(၄) ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ အခန်း(၅) ပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)၏မှတ်ချက်၊ အခန်း(၇) အခန်း(၇)၏ခေါင်းစဉ်၊ အခန်း(၇) ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ အခန်း(၈) ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ အခန်း(၉) ပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)၊ အခန်း(၁၀) အခန်း(၁၀)၏ခေါင်းစဉ်၊ အခန်း(၁၀) ပုဒ်မ ၂၇၊ ပုဒ်မ ၂၈၊ အခန်း(၁၁) ပုဒ်မ ၃၀၊ ပုဒ်မ ၃၃ တို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောမတူသည့်အချက်သုံးချက်တို့ကတော့ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ထ)၊ အခန်း(၃) ပုဒ်မ ၅၊ အခန်း(၄) ပုဒ်မ ၈ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူသည့်အချက်ပေါင်း ၂၀ နှင့် သဘောမတူသည့်အချက်သုံးချက်တို့အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်သွင်းသွားတဲ့ ပြင်ဆင်ချက် ၂၀ ချက်ကို

အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့အချက် ၂၀ ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ၎င်းဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် အချက်သုံးချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ထ)၊ အခန်း(၃) အပိုဒ် ၅ နှင့် အခန်း(၄) အပိုဒ် ၈ တို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်းတင်ပြချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များမှ အချက်သုံးချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး

ဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင်။ ဥပဒေကြမ်းကော်မတီဝင် တစ်ဦးဖြစ်ပြီး ကော်မတီရဲ့တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့ လာတဲ့ ပြင်ဆင်ချက်များအနက် အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ထ)၊ အခန်း(၃) ပုဒ်မ ၅ နှင့် အခန်း(၄) ပုဒ်မ ၈ တို့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲနေကြောင်း တွေ့ရှိရပါ တယ်။ ထိုသို့ သဘောထားကွဲလွဲတဲ့အချက်သုံးချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံး အဖြတ်ရယူသင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆို တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(ဒီမောဆိုမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲတဲ့ အချက်သုံးချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီးတော့မှ ဆွေးနွေးဆုံးဖြတ်ရန် သင့်ပါကြောင်း ကွန်ဟိန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့ အဆိုတင်သွင်းခြင်းကို ကျွန်တော် ဦးစိုးရယ်၊ ဒီမောဆိုမဲဆန္ဒနယ်မှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ အချက်သုံးချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်

ချက်အပေါ် အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ထ)၊ အခန်း(၃) အပိုဒ်ခွဲ(၅) နှင့် အခန်း(၄) အပိုဒ် ၈ တို့ သဘောကွဲလွဲချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ဩဘာသံများ)

## လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သာပေါင်းမဲဆန္ဒနယ်က ဦးဝင်းသန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့အစီရင်ခံစာအမှတ်စဉ်(၁/၂၀၁၄)မှာ နောက်ဆက်တွဲသုံးခုပါရှိပါတယ်။ ကျွန်တော်တို့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ လုပ်ငန်းနှင့်လည်း ဆက်နွယ်လျက်ရှိပါတယ်။ ဒီမှာ မေးခွန်းများမေးမြန်းဖြစ်တာ၊ ဖြေကြားဖြစ်တာနဲ့ အဖြေရရှိတာစုစုပေါင်းကို ပြည့်စုံစွာတင်ပြသွားတာတွေ့ရပါတယ်။ ကျွန်တော်တင်ပြလိုတဲ့အချက်ကတော့တစ်ချက်ပဲဖြစ်ပါတယ်။ ဒါကတော့ အစီရင်ခံစာမှာ စာရင်းရေးသွင်းတဲ့ကိစ္စဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ဖို့လိုအပ်ပါတယ်။ သို့သော် လွှတ်တော်ကျင်းပပုံနည်းဥပဒေအရ ကျွန်တော်တင်ပြတဲ့အချက်က ပြင်ဆင်ရန်မဟုတ်ပါဘူး။ နောင်အစီရင်ခံစာထပ်တက်တဲ့အခါမှာ လိုက်နာဆောင်ရွက်သင့်တယ်လို့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဥပဒေအရတော့ ဒီနေ့ ချက်ချင်းတော့ အစီရင်ခံစာကို ပြင်ဆင်ဖို့မလိုအပ်ပါဘူး။ အဲဒါကတော့ နောက်ဆက်တွဲ(က)၊ (ခ)၊ (ဂ) သုံးခုစလုံးမှာ မေးမြန်းတဲ့စာရင်းအမှတ်စဉ်(၁) ကချင်ပြည်နယ်မှ အမှတ်စဉ်(၁၅) တပ်မတော်အထိ ၁၅ ခုဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းမှာ ပုဒ်မ ၄၉ ပုဒ်မခွဲ(က) မှာဆိုရင် အမှတ်စဉ်(က) ကချင်ပြည်နယ်မှ အမှတ်စဉ်(ဏ) ပြည်ထောင်စုနယ်မြေအထိ ၁၅ ခုတိတိဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တပ်မတော်သားကိုယ်စားလှယ်နဲ့ပေါင်းရင် ဒီစာရင်းဟာ ၁၆ ဖြစ်ရပါမယ်။ အဲဒီတော့ ဒီစာရင်းမှာ မည်သည့်နေရာမှမပါဘဲ ပျောက်နေတာကတော့ ပြည်ထောင်စုနယ်မြေဖြစ်ပါတယ်။ ဘယ်နေရာမှာပဲ သွားပေါင်းထားထား ဒါဟာဖော်ကိုဖော်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၅၀ ပုဒ်မခွဲ (က)အရဆိုရင် နေပြည်တော်ပြည်ထောင်စုနယ်မြေအဖြစ် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းနဲ့ သီရိ

ငါးမြို့ဖြစ်တဲ့ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိနှင့် ဒက္ခိဏသီရိတို့ပါဝင်ပြီးသားဖြစ်ပါတယ်။ တစ်ခါ ပုဒ်မ ၅၂ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အကြီးအမှူးထံ နိုင်ငံတော်နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏သဘောထားကို ရယူပေးပါရန် ပထမဦးစွာအကြောင်းကြားရမည်လို့ပါရှိတဲ့အတွက် မည်သည့်ကော်မတီအဖွဲ့အစည်းမဆို ဒီမှတ်တမ်းတွေကို ဖော်ပြတဲ့အခါမှာ မိမိသဘောနဲ့ ပေါင်းပစ်တာ သို့မဟုတ် မိမိသဘောနဲ့ ခွဲခြားပစ်တာလုပ်လို့မရပါဘူး။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၂) ပုဒ်မ ၄၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၅၀ ပုဒ်မခွဲ(က)၊ ပုဒ်မ ၅၂ ပုဒ်မခွဲ(က) တို့နှင့်အညီ နောင်လာမယ့်အစီရင်ခံစာများမှာ မည်သည့်ကော်မတီမဆို သတ်မှတ်တဲ့စာရင်းဇယားကို သတ်မှတ်တဲ့အတိုင်းပဲ ညီညွတ်စွာ ဖော်ပြပေးရန်လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာမှာပါရှိတဲ့ လေ့လာတွေ့ရှိချက်များ၊ သုံးသပ်ချက်များဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကနေပြီးမှ နဝမပုံမှန်အစည်းအဝေးအထိ ဆောင်ရွက်တဲ့ ဖြစ်စဉ်များကို အသေးစိတ်လေ့လာပြီးတော့မှ တင်ပြချက်များဖြစ်သလိုပဲ သုံးသပ်ချက်များဟာလည်း ပကတိအခြေအနေအမှန်များပဲ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီသုံးသပ်ချက်များအပေါ်မှာလည်းပဲ လိုက်နာပြီးတော့မှ ဆောင်ရွက်ကြဖို့ အကြံပြုတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်ရင်း အချိန်အဟုန်ရလာတဲ့အခါမှာ လုပ်ငန်းတွေကလည်း များပြားလာတဲ့ အနေအထားရှိပါတယ်။ အဲဒီလို လုပ်ငန်းတာဝန်များလာတာနဲ့အညီပဲ လိုအပ်တဲ့အသုံးစရိတ်တွေလည်း လိုအပ်လာတာဖြစ်ပါတယ်။ ဒါကြောင့် အစီရင်ခံစာမှာပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ချီးမြှင့်ငွေနှင့် စရိတ်တိုးမြှင့်ပေးဖို့ လိုအပ်တဲ့အခြေအနေဟာလည်းပဲ ပကတိအခြေအနေပဲဖြစ်ပါတယ်။ ဒါကြောင့် ဤသုံးသပ်ချက်

အပေါ်မှာ လိုအပ်သလို စီမံဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင့်။ ကျွန်မကတော့ ရှမ်းပြည်နယ် ကွန်ဟိန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ ကျွန်မက အခု လွှတ်တော် အခွင့်အရေးကော်မတီက တင်သွင်းတဲ့ အစီရင်ခံစာအပေါ်မှာ အပြုသဘောဖြင့် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ (၁)အချက်အနေနဲ့ မေးခွန်းကဏ္ဍကို ဆွေးနွေးမှာဖြစ်ပြီး (၂) ကဏ္ဍအနေနဲ့ ပြည်သူ့ ကိုယ်စားလှယ်များရဲ့ ခံစားပိုင်ခွင့်နဲ့စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ခုနတုန်းက လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တာဝန်ရှိသူတစ်ဦး အစီရင်ခံစာဖတ်သွားတဲ့အချိန်မှာ ဖြည့်စွက် မည်ဆိုပါက ကြယ်ပွင့်ပြမေးခွန်းတစ်ခုစီအတွက် အချိန်သတ်မှတ်ချက်ကို နည်းဥပဒေတွင် ဖြည့်စွက် ပြဋ္ဌာန်းသင့်ပါသည်ဆိုတာပဲ ကျွန်မက ဒီရဲ့အစီရင်ခံစာမှာ ဖတ်မိပါတယ်ရှင်။ ၆ မိနစ်ထက် ပို၍ မကြာမြင့်သင့်ပါဆိုတဲ့ကိစ္စကိုတော့ ကျွန်မအစီရင်ခံစာမှာ မဖတ်မိပါဘူးရှင်။ အဲဒီမှာ ၆ မိနစ်ထက် ပို၍ မကြာမြင့်သင့်ဆိုတဲ့ကိစ္စကို ကျွန်မက နည်းနည်းဆွေးနွေးချင်ပါတယ်။ ကျွန်မတို့ရဲ့ မေးခွန်းရဲ့ သဘော သဘာဝအရဆိုလို့ရှိရင် ကျွန်မတို့က အဆိုကို ၂၅ မိနစ်ပေးထားတာဖြစ်တဲ့အတွက်ကြောင့် ၁၀ မိနစ် တော့ပေးသင့်ပါတယ်လို့ ကျွန်မက ထင်မြင်ယူဆပါတယ်။ နောက်ထပ် မေးခွန်းပါ စာလုံးအရေ အတွက်ကို သတ်မှတ်ပေးထားပြီး ဒီစာသားအနေအထားက ကျွန်မတို့ ကိုယ်စားလှယ်များအတွက် အလွန်မှ ဒုက္ခရောက်မယ့်စာသားဖြစ်ပါတယ်။ မေးခွန်းပါစာလုံးအရေအတွက်ကို သတ်မှတ်ပေးမယ် ဆိုလို့ရှိရင် ကျွန်မတို့မေးမယ့်မေးခွန်းက ဘယ်လိုမျိုးမေးမယ်။ နောက်ပြီး ဘယ်လိုမျိုးအကြောင်းအရာ ဖြစ်မယ်။ စာလုံးက ဘယ်လိုမျိုးအနေအထားရှိမယ်ဆိုတာ ကျွန်မတို့က ကြေးနန်းရိုက်တာမဟုတ်တဲ့ အတွက်ကြောင့် ဒါကတော့ ကျွန်မတို့အတွက် အထူးပဲ ဒုက္ခရောက်ပါမယ်ဆိုတာကို တင်ပြချင်ပါတယ် ရှင်။

နောက်မေးခွန်းအပြည့်အစုံကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားခြင်းဖြင့် မေးခွန်းမေးမြန်းခြင်းအချိန်ကို သက်သာစေနိုင်ပါမည်။ ကျွန်မတို့မေးမယ့်မေးခွန်းကို ကျွန်မတို့က လွှတ်တော်ကိုတင်ပါတယ်ရှင်။ တင်ပြီးတဲ့အချိန်မှာ ပြန်မေးမယ်ဆိုတဲ့အချိန်ကျရင် စာကိုအတိုချုပ် ပြီးတော့ ကျွန်မတို့ဆီကိုပြန်ပြီးပေးထားတာရှိပါတယ်။ အဲဒီလို ပြန်ပေးတဲ့အချိန်မှာ တချို့ကတော့ ဒီစာကို ဖတ်လိုက်လို့ရှိရင် ပြည့်စုံပါတယ်။ တချို့ကကျတော့ မပြည့်စုံပါဘူးရှင်။ မပြည့်စုံတဲ့အနေ အထားဆိုလို့ရှိရင်တော့ အနည်းငယ်ဖြည့်စွက်ပြီးတော့ပြောမှ ပြည်သူတွေကနားလည်မှာပါ။ အနည်း

ငယ်မှ ဖြည့်စွက်ပြီးမပြောဘူးဆိုလို့ရှိရင် ဒီက ပြည်သူတွေကလည်း နားမလည်ဘူး။ မေးတဲ့လူကိုယ်တိုင်ကဒါကိုပဲကြည့်ပြီးတော့ မေးသွားတဲ့အတွက်ကြောင့် အခုလာတဲ့ ကိုယ်စားလှယ်ကိုယ်တိုင်ကိုယ်က ဘာမေးသွားသလဲဆိုတာလဲ မသိပါဘူးရှင်။ အဲဒီအတွက်ကိုလည်း တော်တော်လေးကို စဉ်းစားစေချင်ပါတယ်။ ဖြစ်နိုင်မယ်ဆိုလို့ရှိရင်တော့ မေးခွန်းကဏ္ဍမှာတော့ အချိန်ကိုသတ်မှတ်ပေးမယ်ဆိုရင်တော့ ၁၀ မိနစ်ဆိုလို့ရှိရင် အဆင်ပြေနိုင်ပါတယ်ရှင်။ (၂) အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခံစားပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကျွန်မက တင်ပြသွားမှာဖြစ်ပါတယ်ရှင်။ အခု ကျွန်မတို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များရဲ့ ချီးမြှင့်ငွေနဲ့ စရိတ်များဆိုင်ရာဥပဒေမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ချီးမြှင့်ငွေနဲ့စပ်လျဉ်းပြီးတော့ ပုဒ်မ ၃ ပုဒ်မခွဲ(က) မှာပြဋ္ဌာန်းထားပါတယ်ရှင်။ အဲဒီမှာ ချီးမြှင့်ငွေနဲ့ပတ်သက်ပြီးတော့ ကျွန်မကအထွေအထူးတော့ မပြောချင်ပါဘူး။ ပြောချင်တာက စရိတ်စကဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက တစ်နှစ်ကို ခုနစ်လကနေ ရှစ်လအတွင်း လွှတ်တော်အစည်းအဝေးကို လာတက်ရပါတယ်။ လွှတ်တော်ကို တစ်နှစ်မှာ သုံးကြိမ်လာတက်ရပါတယ်ရှင်။ လွှတ်တော်သုံးကြိမ်လာတက်ပြီးသွားတဲ့ အချိန်မှာ ကိုယ့်နယ်ကိုဆင်းရပါတယ်။ ကိုယ့်မဲဆန္ဒနယ်ကို ဆင်းပြီးတော့ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲတွေသွားလုပ်ပေးရတယ်။ နောက်ပြီးလို့ရှိရင် ပြည်သူလူထုနဲ့ တွေ့ဆုံတာတွေလုပ်ရပါတယ်။ အဲဒီလိုမျိုးလုပ်တဲ့အချိန်မှာ ကျွန်မတို့က တစ်ခါဆင်းသွားမယ်ဆိုရင် တစ်လ၊ နှစ်လပဲ အချိန်ရတဲ့အတွက်ကြောင့် ရွာတွေကို Plan ချထားရပါတယ်။ လွှတ်တော်ဘယ်အချိန်ပြီးသွားလို့ရှိရင် ဘယ်ရွာတွေကို ဝင်မလဲဆိုတာကို ကျွန်မတို့ကချထားရပါတယ်။ ချပြီးလို့ရှိရင် တစ်ခါဆင်းမယ်ဆိုရင် အနည်းဆုံးကျေးရွာအုပ်စု ၁၅ အုပ်စုလောက်သွားဖို့လုပ်ရပါတယ်ရှင်။ အဲဒီ ၁၅ အုပ်စုကို သွားဖို့အတွက်ဆိုလို့ရှိရင် စရိတ်စကတွေလည်း အလွန်အင်မတန်ကုန်ကျပါတယ်။ ကျွန်မတို့က ဒီနေပြည်တော်မှာနေတဲ့အချိန်မှာတော့ စရိတ်စကအနေနဲ့ စားသောက်စရိတ်တို့ဘာတို့က တစ်ရက်ကို တစ်သောင်းရတာ အဆင်ပြေတယ်ဆိုပေမယ့်လည်း ကျွန်မတို့နေပြည်တော်ကနေ စတင်ထွက်ခွာသွားပြီး ကိုယ့်ရဲ့မဲဆန္ဒနယ်ကိုစသွားပြီဆိုကတည်းကိုကကားကိုအသုံးပြုရပါတယ်။ ဆီဖိုးကုန်ရပါတယ်ရှင်။ နောက်ပြီးရင် ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ပြည်သူတွေကို သွားပြီးမှတွေ့မယ်ဆိုတဲ့အချိန်မှာ ကိုယ့်တစ်ယောက်တည်းသွားလို့မဖြစ်ပါဘူးရှင်။ ဘယ်လိုဖြစ်ဖြစ်အဖော်လေးတော့ ခေါ်သွားရပါတယ်။ နောက်ပြီးလို့ရှိရင် ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေနဲ့လည်း ကျွန်မတို့ ဆိုင်ကယ်နဲ့သွားဖို့ဆိုတာလည်း သိပ်ပြီးအဆင်မပြေပါဘူးရှင်။ အဲဒီရဲ့အနေအထားကလည်းရှိပါတယ်။ အဲဒီမှာ ကားကိုတော့ အသုံးပြုခွင့်လည်း ရစေချင်ပါတယ်။

နောက်ပြီးရင် အဓိက ဆီဖိုးဖြစ်ပါတယ်ရှင်။ ကျွန်မ ဒီဆင်းနေကြေအနေအထားနဲ့ တွက်ပြမယ် ဆိုလို့ရှိရင် ကျွန်မတို့ရဲ့ ဒီနေပြည်တော်ကနေသွားပြီး ကွန်ဟိန်းကိုရောက်တဲ့အချိန်အထိ နောက်ပြီး ရွာစဉ် ရွာတိုင်းကို သွားတဲ့အချိန်အထိက ကျွန်မက တစ်ခါသွားရင် သိန်း ၂၀ ကုန်ပါတယ်။ တစ်ခေါက် သွားရင် တစ်ရွာဝင်တစ်ရွာထွက် အဲဒီလောက်သိန်း ၂၀ ကုန်ပါတယ်။ ပြီးလို့ရှိရင် ဒီရဲ့ ဆီဖိုးအပြင်မှာ ဖုန်းဖိုးက သုံးရက်မှာ ၁၀၀၀၀ ကဒ်တစ်ကဒ်ကုန်ပါတယ်။ အဲလိုမျိုးအနေအထားရှိပါတယ်။ နောက်ပြီး လို့ရှိရင် ကျွန်မက ကိုယ့်နယ်ကို ကိုယ်သွားတယ်။ ကိုယ့်နယ်မှာအားလုံးပြောရလို့ရှိရင် ကိုယ့်ရဲ့ဆွေမျိုး အရင်းအချာဖြစ်တဲ့အတွက်ကြောင့်သာ ကျွန်မသွားလိုက်တဲ့ ရွာတိုင်းရွာတိုင်းက ထမင်း၊ ဟင်းချက် ထားပေးပါတယ်။ တခြားကိုယ်စားလှယ်တွေလည်း ကိုယ်သွားမယ့် မဲဆန္ဒနယ်၊ ကိုယ်သွားမယ့်ရွာ တွေကို သွားမယ်ဆိုလို့ရှိရင်တော့ ထမင်း၊ ဟင်း ဒါတော့ မလွဲမသွေစားကိုစားရမှာပဲဖြစ်ပါတယ်။ ဒီအတွက်က အတော်ဒုက္ခရောက်ပါတယ်။ ကျွန်မကတော့ ကိုယ့်ရဲ့ဆွေမျိုးတွေရှိတဲ့အတွက်ကြောင့် သူတို့က ထမင်း၊ ဟင်းတွေချက်ပေးတယ်။ နောက်ပြီးရင် ပြည်သူတွေလာတက်တယ်။ ပြည်သူတွေလာ တက်တယ်ဆိုလို့ရှိရင် ကိုယ့်လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲဆို လာလို့ရှိရင် ပြည်သူတွေလာ တာက အယောက် ၂၀၊ ၃၀ မဟုတ်ပါဘူး။ ကျွန်မတို့ဘက်မှာဆိုလို့ရှိရင် ကျေးရွာအုပ်စု တစ်အုပ်စုဆို လို့ရှိရင် အနည်းဆုံး ရွာက ၁၀ ရွာလောက်ရှိပါတယ်ရှင်။ ၁၀ ရွာစလုံးရဲ့ ပြည်သူလူထုတွေလာ တက်တာ အယောက် ၃၀၀၊ ၄၀၀ အဲဒီလောက်လာတက်တယ်။ လာတက်တဲ့အချိန်မှာ ကျွန်မတို့ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲလုပ်ရင် ၁၀ နာရီစလုပ်တယ်။ ၁၂ နာရီမှာခဏရပ်မယ်ဆိုရင် ထမင်းက ပြန်ကျွေးရပါတယ်။ သူတို့ကို ထမင်းပြန်ကျွေးဖို့အတွက်ကို ကျေးရွာသူ ရွာသားတွေက ပိုက်ဆံစုပြီးထည့်ကြပါတယ်။ ပိုက်ဆံစုပြီး ထည့်၊ ထည့်ပြီးလို့ရှိရင် သူရဲ့သွားလိုက်တဲ့ ရွာနားမှာ သူတို့ရဲ့ ရွာသူကြီးနဲ့ ရွာသားတွေ ပိုက်ဆံစုထည့်တယ်။ ပြီးလို့ရှိရင် လာတဲ့ရွာသားတွေကို ပြန်ပြီးဧည့်ခံပြီး ကျွေးမွေးလွှတ်ပါတယ်။ နောက်ပြီး ဘယ်လောက် ဘယ်လောက်ကုန်ကျပါတယ်။ တစ်ခါတလေ ၃၀၀၀၀ ကုန်ကျတာရှိတယ်။ ၆၀၀၀၀ ကုန်ကျတာတွေရှိပါတယ်။ အဲဒါ သူတို့ ချွေချွေတာတာလေးပဲ လုပ်တာပါ။ အဲဒါကို သူတို့ ၆၀၀၀၀ ကုန်ကျရင် ကျွန်မက ဒီ ၆၀၀၀၀ ကျွန်မပြန်ပေးပါမယ်ဆိုတာကို လက်မခံပါဘူး ၆၀၀၀၀ လုံး။ လက်မခံဘူး။ အဲဒါဆိုလို့ရှိရင်လည်း အတင်းပြောမှ ၃၀၀၀၀ ပဲပြန် ပေးပါ။ ၃၀၀၀၀ ကျွန်မ/ကျွန်တော်တို့ လှူပါမယ်ဆိုတဲ့ အနေအထားလေးရှိပါတယ်။ နောက်ပြီးရင် ကျွန်မတို့ အစည်းအဝေးလုပ်မယ်ဆိုလို့ရှိရင် ဘုန်းကြီးကျောင်းမှာ သွားလုပ်မယ်ဆိုရင်တောင်မှ ဘုန်းကြီးကိုလှူပါသေးတယ်။ လှူရပါသေးတယ်။ ၁၀၀၀၀၊ ၂၀၀၀၀ ဆိုတာ လှူရပါသေးတယ်။ နောက်ပြီးလို့ရှိရင် မြို့တော်ခန်းမမှာ သွားလုပ်မယ်ဆိုရင် မြို့တော်ခန်းမရဲ့ စရိတ်ကုန်ပါသေးတယ်ရှင်။

ဘယ်လိုဖြစ်ဖြစ် ရေလေးတော့ တိုက်ရပါတယ်ရှင်။ အဲဒီရဲ့ အနေအထားလေးရှိပါတယ်။ ကျွန်မတင်ပြတာစရိတ်စကပါ။ နောက်ပြီးလို့ရှိရင် ကျွန်မတို့က တစ်ရွာပြီးတစ်ရွာ ကူးဖို့က ဒီတစ်ရွာမှာလည်း အိပ်ရပါတယ်။ ပြီးရင် နောက်ထပ် တစ်နေ့ တစ်ရွာဆိုလို့ရှိရင်လည်း ဆက်သွားရပါသေးတယ်။ ဆက်သွားဖို့အတွက်ကို အရင်ဆုံးသွားပြီးမှ အကြောင်းကြားမယ့်အဖွဲ့တွေကို ဆိုင်ကယ်ခသော်လည်းကောင်း၊ ကားခသော်လည်းကောင်း အရင်ဆုံးပေးပြီးတော့ ဖိတ်စာလည်း ဖိတ်ခိုင်းရသေးပါတယ်ရှင်။ ဒါကလည်း အကုန်လုံး ကိုယ့်အိတ်ကနေကိုယ် စိုက်ထုတ်ရတဲ့ကိစ္စဖြစ်ပါတယ်။ ဒီသွားလာစရိတ်နောက်ပြီးတော့မှ ကျွန်မတို့က ကိုယ်စားလှယ်တစ်ဦးအနေနဲ့ တစ်ယောက်တည်းသွားရတာ မဟုတ်တဲ့အတွက်ကြောင့် လူရဲ့ သုံးဦး၊ လေးဦးစာ အဲ့ဒါကိုလည်း ကိုယ်စားလှယ်တစ်ယောက်တည်းကပဲကျခံရခြင်းဖြစ်ပါတယ်။ တစ်နှစ်ကို ကျွန်မတို့က လွှတ်တော်သုံးခါလုပ်လို့ရှိရင် ပြည်သူလူထုဆီကိုသုံးခေါက်ဆင်းရပါတယ်။ သုံးခေါက်ဆင်းပြီး ပြည်သူလူထုဆီမှာ ဒီလွှတ်တော်မှာ ဘာလုပ်ပေးခဲ့ပါပြီ။ ဘာတွေဖြစ်ပါတယ်။ သွားပြီးအစီရင်ခံရပါတယ်။ အစီရင်ခံပြီးတဲ့အချိန်မှာ ပြည်သူလူထုက ကျွန်တော်တို့မှာ ဘာတွေလိုအပ်ပါသေးတယ်။ ဘာတွေကိုဖြစ်နေပါတယ်ဆိုပြီး သူတို့က ပြန်တင်ပြလာပါတယ်။ သူတို့ပြန်တင်ပြလာတဲ့ အချက်အလက်တွေကို ကျွန်မကယူပြီးတော့ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့သက်ဆိုင်ပါတယ်ဆိုရင် အုပ်ချုပ်ရေးမှူးမှာပဲ သွားပြီးဖြေရှင်းပြီးမှ လုပ်ပေးပါတယ်။ ဒါမှမဟုတ်ရင်တိုင်းနဲ့ဆိုင်ပါတယ်ဆိုရင် တိုင်းအထိသွားရပါတယ်။ တိုင်းအထိသွားတဲ့စရိတ်၊ ပြည်နယ်အထိသွားတဲ့စရိတ်ကိုလည်း တစ်ဦးတည်းပဲ ကျခံရခြင်းဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့် ပြည်သူလူထုက ကျွန်မကိုကြည့်ပြီးတော့ တော်တော်လေးကို သနားလာတဲ့အနေအထားရှိတယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့ဆိုရင်ဒီတစ်နှစ်မှာ သူတို့တွေအကုန်လုံး ပိုက်ဆံစုပြီးတော့ ဒေါ်နန်းဝါနုကွင်းဆင်းရင်၊ ဒေါ်နန်းဝါနုရွာပြန်လာလို့ရှိရင် တစ်ရွာပြီးတစ်ရွာသွားနိုင်အောင်ဆိုပြီး သူတို့ဟာသူတို့ ပိုက်ဆံစုပြီး ငွေတိုးပေးထားပါတယ်။ ဒေါ်နန်းဝါနုလာရင် ပြည်သူလူထုနဲ့တွေ့ဆုံပွဲလုပ်လို့ရှိရင် သူ့အတွက်ဆီစရိတ်ဆိုပြီးတော့ စုတာ ငွေဆယ်သိန်းရတယ်လို့ကြားပါတယ်။ အဲ့ဒီငွေဆယ်သိန်းကို သူတို့ထဲက ရပ်မိရပ်ဖပဲ ကိုယ်တိုင်ကိုင်ပြီးတော့ ငွေတိုးပေးထားပါတယ်။ နှစ်ကျပ်တိုးရတယ်လို့ပြောပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေနဲ့မညီတာတွေ လျှောက်ပြောမနေနဲ့။ ဒေါ်နန်းဝါနုပြောလို့ လွှတ်တော်ကိုယ်စားလှယ်လုပ်ချင်တဲ့သူတွေ မလုပ်တော့ပဲဖြစ်နေဦးမယ်။ ဆက်ဆွေးနွေးပါ။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အဲ့ဒီပြည်သူလူထုရဲ့စေတနာကို ပြောတာပါ။ ပြည်သူလူထုက ကျွန်မကို အဲ့လောက်အထိထောက်ပံ့ပေးပြီးတော့ ကျွန်မအဲ့လောက်အထိ အလုပ်လုပ်

နိုင်ခဲ့တာတောင်မှ ကျွန်မအတွက်လိုအပ်ချက်က အများကြီးရှိနေသေးတယ်။ အဲ့ဒီအပြင် ကျွန်မက ကိုယ်ချင်းစာကြည့်တယ်။ အခုက ပြည်သူလူထုကနေ ကျွန်မကိုထောက်ပံ့ပေးလို့ ကျွန်မဒီအလုပ်လုပ် လုပ်နိုင်တာ။ ဒါပေမယ့် တကယ့်ကိုယ်စားလှယ်တွေ တကယ်တမ်း တကယ်သွားချင်ပါတယ်ဆိုတဲ့ ကိုယ်စားလှယ်များရှိပါတယ်။ သူတို့ကိုယ်သူတို့ အိတ်ထဲကနေလည်း စိုက်မထုတ်နိုင်ကြပါဘူး။ စိုက်မထုတ်နိုင်တဲ့အနေအထားကြရင် တကယ့်မြေပြင်အနေအထားက ဘယ်လိုမျိုးရှိပါတယ်ဆိုတဲ့ အနေအထားလည်း သူတို့အားလုံး အပြည့်အစုံမသိနိုင်တော့ပါဘူး။ ဖွံ့ဖြိုးရေးစရိတ်၊ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် သွားရေးစိစစ်ရမှာက တစ်ခုရှိပါတယ်။ နောက်ပြီးရင် ပြည်သူ့လွှတ်တော် အတွေ့အကြုံရှင်းလင်းပွဲလုပ်ဖို့ကလည်း ရှိပါတယ်။ နောက်ပြီးလို့ရှိရင် ပြည်သူနဲ့သက်ဆိုင်တဲ့ အထက်အဖွဲ့အစည်းနဲ့ဆက်စပ်ပေးဖို့ သွားပြီးလုပ်ပေးရတာတွေလည်းရှိပါတယ်။ ဒီအတွက်ကြောင့် စရိတ်စက က အများကြီးလိုပါတယ်။ ကျွန်မတစ်ဦးတင်မဟုတ်ပါဘူး။ ဒီလွှတ်တော်ကိုယ်စားလှယ်အားလုံး အားလုံးက ဒါကလိုအပ်ပါတယ်။ အဲ့ဒီကြောင့် ကျွန်မအဓိကပြောချင်တာကတော့ ချီးမြှင့်ငွေကတော့ ကျွန်မမပြောချင်ပါဘူး။ ဒီစရိတ်စက ကအမှန်အတိုင်းပဲတင်သွင်းလာမယ်ဆိုလို့ရှိရင် စရိတ်စကကို ဆီဖိုး၊ နောက်ပြီးရင် ဖုန်းဖိုး၊ လေယာဉ်စရိတ် ကျွန်မက ကျန်းမာရေးတော့မပြောချင်ပါဘူး။ ကျန်းမာရေးတော့ ကိုယ့်ဘာသာကိုကုပါ့မယ်။ ကိုယ်စားလှယ်တိုင်းက ကျန်းမာရေးကိုယ့်ဘာသာကိုယ် ကုဖို့တော့ တတ်နိုင်တယ်လို့ ကျွန်မကထင်ပါတယ်။ အဲ့ဒီအတွက်ကြောင့် မူရင်းဘောင်ချာနဲ့ နောက်ပြီးရင် မူရင်းကို အမှန်တကယ်လုပ်ခဲ့တဲ့ သက်သေအထောက်အထားနဲ့ ဒါတွေကိုတင်ပြလာပေးမယ်ဆိုလို့ရှိရင် စရိတ်စကအနေနဲ့တော့ အပြည့်အဝပေးသင့်ပါတယ်လို့ ပြောဆိုရင်း ကျွန်မနိဂုံးချုပ်အပ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်ပြောပါ။ ဦးစိုးပိုင်နောက်မှပြောပါ။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေအားလုံးက တင်ပြလာတဲ့ အချက်အလက်ကလေးဟာ တကယ်မှန်ကန်တဲ့ အနေအထားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဆောင်ရွက်ပေးဖို့ ပထမဦးစွာ ထောက်ခံတင်ပြလိုပါတယ်။ ဆောင်ရွက်ပေးသင့်တဲ့ အကြောင်းတရားတွေကတော့ စောစောက ဒေါ်နန်းဝါနုတင်ပြသွားတာ အင်မတန်မှ ဇာတ်ကနာနေပြီးဖြစ်တဲ့အတွက်ကြောင့် ထပ်မံပြီးတော့အသေးစိတ်တော့ ကျွန်တော် မတင်ပြလိုတော့ပါဘူး။ တကယ်ကို ဖြစ်သင့်ဖြစ်ထိုက်တဲ့ အတိုင်းအတာတစ်ခုကို တင်ပြသွားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါအားလုံးဝိုင်းဝန်းစဉ်းစားပြီးတော့ ဆောင်ရွက်ပေးနိုင်ပါတယ်လို့ ထောက်ခံတင်ပြလိုပါတယ်။ ဒီမှာတစ်ခါ ကျွန်တော်ဆက်လက်ပြီးတော့ တင်ပြလိုတဲ့အကြောင်းအရာ

လေးကတော့ ကျွန်တော်တို့ ဒီနေ့တင်ပြနေတာ ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေတာမှာ ရရှိတဲ့ချီးမြှင့်ငွေနဲ့ အထောက်အပံ့တွေဟာ လုံလောက်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့ရေးရာကိစ္စတွေကို ဆောင်ရွက်တဲ့နေရာမှာ ထိရောက်စွာဆောင်ရွက်နိုင်ဖို့ အခက်အခဲလေးတွေရှိပါတယ်။ ရေရှည်မှာရပ်တည်ဖို့ အခက်အခဲလေးတွေရှိနိုင်တယ်ဆိုတာ ဆွေးနွေးသလိုပဲ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များကဲ့သို့ ပြည်သူ့တာဝန်ထမ်းဆောင်နေရတဲ့၊ ပြည်သူ့ဝန်ထမ်းတွေကလည်းပဲ ဒီနေ့ဒီအခါမှာ ဒီအတိုင်းပဲ ကြုံတွေ့ခံစားနေရပါတယ်။ ဒါနဲ့ဆက်စပ်ပြီးတော့လည်း ဒီနေ့ကျွန်တော်တို့ပြောနေတဲ့ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုဖြစ်ပြီးတော့မှ ကျွန်တော်တို့ ပြည်သူတွေအားလုံးမျှော်လင့်နေတဲ့ နိုင်ငံတော်သမ္မတကြီးပြောတဲ့ Clean Government, Good Governance ကလည်းပဲ မျှော်တိုင်းဝေးနေတဲ့ အနေအထားမှာပဲရှိနေပါတယ်။ ဒီအနေအထားမှာ ကျွန်တော်တို့က ပြည်သူ့ကိုယ်စားလှယ်တွေအတွက်ပဲ စဉ်းစားပြီးတော့ ပြည်သူ့ကိုယ်စားလှယ်တွေအတွက် ချီးမြှင့်ငွေနဲ့စရိတ်တွေ ထိုက်သင့်စွာ ချီးမြှင့်ပေးဖို့ စဉ်းစားရုံတင်မဟုတ်ဘဲ ပြည်သူ့တာဝန်ကိုထမ်းဆောင်နေတဲ့ ပြည်သူ့ဝန်ထမ်းတွေရဲ့ လစာနဲ့ချီးမြှင့်တဲ့ ကိစ္စတွေကိုလည်းပဲ ခေတ်နဲ့လျော်ညီတဲ့အနေအထားကို ဖန်တီးပေးဖို့ တစ်ပြိုင်တည်း ဆောင်ရွက်ရင်းနဲ့မှပဲ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေအတွက်ပါ စဉ်းစားဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နို့မို့လို့ရှိရင်တော့ ကျွန်တော်တို့ဟာ ကိုယ့်အတွက်တော့ကိုယ်ပြောပြီးတော့ တကယ်လိုအပ်တဲ့အပိုင်းကို ကျန်နေခဲ့တယ်ဆိုပြီးတော့ အနေအထားမျိုးလေးဖြစ်မှာစိုးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံ ဒီကနေ့ ကောင်းမွန်ဖို့ဆိုရင် Clean Government, Good Governance ဖြစ်ဖို့လိုပါတယ်။ Clean Government, Good Governance ဖြစ်ဖို့ဆိုလို့ရှိရင်တော့ အဲ့ဒီလုပ်ငန်းရပ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတဲ့ ပြည်သူ့ဝန်ထမ်းတွေရဲ့ လူနေမှုဘဝဖူလုံရေး၊ ထိုက်သင့်သော လစာနဲ့စရိတ်များရရှိရေးဟာလည်းပဲ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များကဲ့သို့ အရေးတကြီးလိုအပ်နေတဲ့ကိစ္စဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီကိစ္စရပ်နှစ်ခုကို တစ်ပြိုင်တည်း စဉ်းစားပေးဖို့တင်ပြအပ်ပါတယ်လို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီထဲမှာ ဒေါ်နန်းစေအွာ။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အခမ်းအနားတက်ရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ ဒသမပုံမှန်အစည်းအဝေးရဲ့ ပထမဆုံးနေ့မှာ ပြည်သူ့လွှတ်တော်လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာတင်သွင်းသွားတာကို ကျွန်တော်တို့ ဝမ်းမြောက်ဖွယ်တွေ့ရှိရပါတယ်။ အစီရင်ခံစာမှာလည်းပဲ ကော်မတီရဲ့တာဝန်နှင့်ဆောင်ရွက်နေမှုတွေ ဒီနေ့နဝမပုံမှန်အထိ ဆောင်ရွက်ခဲ့မှုများကို စနစ်တကျ မှတ်တမ်းတင်ထားရှိမှုများဟာ စနစ်ကျနေတဲ့အတွက် လွှတ်တော် အခွင့်အရေးကော်မတီကိုလည်း များစွာကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေရဲ့ ဒီနေ့ အနေအထားတွေအပေါ်မှာ ထောက်ပြနေမှုတွေဟာလည်းပဲ ဒါကော်မတီရဲ့ စနစ်တကျဆောင်ရွက်သွားမှုတွေဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီမှာကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခံစားခွင့်များနဲ့ပတ်သက်ပြီးတော့ တင်ပြထားတာတွေလည်းရှိပါတယ်။ ခံစားခွင့်ရနေတဲ့ ချီးမြှင့်ငွေနဲ့ စရိတ်တွေဟာ လုပ်ငန်းတာဝန်နဲ့ထိုက်တန်စွာ၊ လိုက်လျောညီထွေစွာ ဖြစ်ဖို့အတွက် ကိုယ်စားလှယ်တချို့က ဝေဖန်ပြောကြားတယ်ဆိုတာတွေလည်း တင်ပြထားတာတွေ့ရပါတယ်။ ဒီနေ့ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေဟာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ မျက်နှာစာလို့ ပြောလို့ရသလို၊ ဒီနေ့ ကျွန်တော်တို့ ကျင့်သုံးနေတဲ့ ပါတီစုံဒီမိုကရေစီစနစ်ရဲ့ မျက်နှာစာလည်းဖြစ်ပါတယ်။ ဒီကိုယ်စားလှယ်တွေ ဒီနေ့ ကုန်ကျနေတဲ့ စရိတ်စကတွေနဲ့ပတ်သက်ပြီးတော့ ဒေါ်နန်းဝါနုလည်း အကျယ်ချဲ့ပြီးတော့ တင်ပြသွားပြီးသားဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်အကျယ်မတင်ပြလိုတော့ပါဘူး။ ကျွန်တော် ထောက်ပြဆွေးနွေးလိုတာ နိုင်ငံတကာက ထောက်ပံ့ပေးနေမှုတွေနဲ့ ပြန်ပြီးတော့ ချင့်ချိန်သင့်တဲ့ကာလ ရောက်ပြီဆိုတာကို တင်ပြလိုပါတယ်။ နိုင်ငံတကာမှာ ဒေါ်လာ ၅၀၀ ပေးနေသလား။ ဒါဆိုရင်ကျွန်တော်တို့က သူတို့အောက်ကိုအများကြီး နိမ့်ကျနေပြီလား။ နောက်ကျွန်တော်တို့ ကိုယ်စားလှယ်အများစုကလည်း ဒီလိုကိစ္စမျိုးပြောလိုကြမှာမဟုတ်ကြောင်း တင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုတင်ပြမှုတွေဟာ ရလိုမှုအတွက် တင်ပြနေသလိုဖြစ်တဲ့အတွက် ကိုယ်စားလှယ် အများစုဟာ ဒီလိုအဆိုမျိုးကို ဆွေးနွေးဖို့ဝန်လေးနေလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဆိုတာ စေတနာထားပြီးလုပ်ရင်၊ ခရီးထွက်ရင်၊ စေတနာထားသလောက် ကုန်ကျစရိတ် များတာအားလုံး အသိဖြစ်ပါတယ်။ ဒီမြို့တစ်မြို့နှင့်တစ်မြို့ဆိုတာလည်း အကွာအဝေးချင်း၊ မြို့ရဲ့အကျယ်အဝန်းချင်း၊ သူတို့သွားလာရတဲ့ခရီးအနေအထားချင်း၊ တောတွေတောင်တွေခြားထားမှုတွေ၊ မြစ်တွေချောင်းတွေ ခြားထားမှုတွေ၊ တစ်နေရာနှင့်တစ်နေရာသွားလာမှုတွေဟာ တူညီကြမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့ ဒါတွေဟာထည့်သွင်းပြီးတော့ ကိုယ်စားလှယ်တွေရဲ့စရိတ်စကနဲ့ လစာတွေကို ယခုထက်ပိုပြီးတော့ တိုးမြှင့်ပေးသင့်တယ်လို့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ အခုလိုတင်ပြနေမှုဟာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ ရလိုမှုသက်သက်ချည်းတင်ပြခြင်းမျိုးမဟုတ်ဘဲနဲ့ နိုင်ငံတော်ရဲ့ ချီးမြှင့်ပေး

နိုင်မှု၊ နိုင်ငံတော်ရဲ့သိက္ခာပိုင်းကိုပါ ထည့်သွင်းပြီး တင်ပြခြင်းဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာကို ပေးပါ။ ဒါနောက်ဆုံး ဆွေးနွေးခြင်းဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြစာနှင့်ပတ်သက်ပြီးတော့ သုံးချက် တင်ပြအကြံပြုလိုပါတယ်။ (၁)အနေနဲ့ ကျွန်မတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးခွန်း ငါးခုပဲ တင်ပြခွင့်ရှိပါတယ်ရှင်။ ဒါပေမယ့် ဒီမေးခွန်းတွေကို ကျွန်မတို့တွေ အချိန်မီပေးပို့ပေမယ့် မေးခွန်းတွေကို ပြန်လည်ဖြေကြားတဲ့အခါမှာ အချိန်မီပြန်လည်ပြီးတော့ ကျွန်မတို့တတွေဟာပြန်လည်နားထောင်ခွင့်မရပါဘူး။ ဒါကြောင့်မို့ လွှတ်တော်ပြီးဆုံးတဲ့အခါမှသာ လာမယ့်လွှတ်တော်ပြန်စမယ့်အခါမှာကျတော့ စာအိတ်လေးနဲ့ ပြန်လာပြီးတော့ဖြေတာတွေရှိပါတယ်။ ကျွန်မတို့လိုချင်တာကတော့ကြယ်ပွင့်ပြမေးခွန်းဆိုတာ ကျွန်မတို့ကို ငါးခုထက်ပိုတဲ့ မေးခွန်းလည်း တင်ပြခွင့်မရတဲ့အတွက်ကြောင့် တော်တော်လေးကို စဉ်းစားချင့်ချိန်ပြီးတော့မှ ကြယ်ပွင့်ပြအနေနဲ့ တင်ပြသင့်တဲ့မေးခွန်းကိုလည်းတင်ရတာဖြစ်သလို ကျွန်မတို့ရဲ့ မဲဆန္ဒရှင်တွေကလည်းပဲ ဒီမြန်မာ့ရုပ်မြင်သံကြားကနေတစ်ဆင့် ပြန်ပြီးတော့ကြားချင်နေကြပါတယ်။ ဒါကြောင့်မို့ အတတ်နိုင်ဆုံး အချိန်မီလေးပြန်လည်တင်ပြပေးဖို့အတွက်ကို အဓိကအနေနဲ့ ဆောင်ရွက်ပေးစေချင်လိုပါတယ်။ နောက်(၂)မေးခွန်းကတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခံစားပိုင်ခွင့်နဲ့ပတ်သက်ပြီးတော့ ခုနကချီးမြှင့်ငွေဟာ ကျွန်မအနေနဲ့ကြည့်ရတာဟာ မျှတမှုမရှိဘူးလို့ ခံစားရပါတယ်ရှင်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရဝန်ကြီးတွေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခြေအနေ၊ အနေအထားက ပြန်ကြည့်လိုက်မယ်ဆိုရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဟာ မြို့နယ်တစ်ခုလုံးကို ကိုယ်စားပြုထားပါတယ်။ အဲ့ဒီတော့ ကျေးလက်အောက်ခြေဒေသ ပြည်သူလူထုအဆင့်အထိကို သွားရလာရပါတယ်။ အဲ့ဒီတော့ ကျွန်မတို့တတွေကို ဒါလေးတွေဟာ အခုလက်ရှိလွှတ်တော်ထဲကို ရောက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သက်တမ်းဟာလည်း တစ်နှစ်ပဲ ကျန်ပါတော့တယ်။ ဒီလွှတ်တော်ကိုယ်စားလှယ်တွေထက်ကို လာမယ့်လွှတ်တော်ကိုယ်စားလှယ်တွေအတွက် စဉ်းစားပေးပြီးတော့ သင့်တင့်မျှတတဲ့ ချီးမြှင့်ငွေလေးကို ပြန်လည်စဉ်းစားသုံးသပ်ပေးသင့်ပါတယ်လို့ အကြံပြုလိုပါတယ်။ နောက်တစ်ချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ရပ်နားချိန်မှာ မိမိတို့ရဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ဆန္ဒအတိုင်းအထူးသဖြင့် ပြဿနာဖြစ်တဲ့ရွာ နီးနီးဝေးဝေးပိုပြီးတော့သွားရပါတယ်။ ကျွန်မမြို့နယ်မှာဆိုရင်

ကျေးရွာအုပ်စု ၁၀၀၊ ကျေးရွာပေါင်း ၄၇၄ ရွာရှိပါတယ်။ အခုထိ ကျွန်မမရောက်နိုင်သေးတဲ့ရွာတွေ ရှိပါတယ်။ ကုန်းတစ်တန်၊ ရေတစ်တန်၊ စက်လှေတွေနဲ့ တကူးတက သွားရပါတယ်ရှင်။ အဲ့ဒီတော့ ကျွန်မအနေနဲ့ သွားလာရတဲ့အခါမှာ အင်မတန်မှ အခက်အခဲဖြစ်တဲ့အတွက်ကြောင့် အားလုံးမရောက် နိုင်သလို ကျွန်မတို့က ကိုယ့်အားကိုယ်ကိုးပြီးတော့၊ ကိုယ့်စရိတ်ကိုယ်ခံပြီးသွားရပါတယ်။ အဲ့ဒါ ကြောင့်မို့ ဒါလေးတွေကို ပြန်လည်စဉ်းစားသောအားဖြင့် ကျွန်မတို့ရဲ့ ချီးမြှင့်ငွေလေးတွေကိုလည်း ပြန်လည်သုံးသပ်သင့်ပါပြီလို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်ကို ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၁ နည်းဥပဒေခွဲ(က)အရ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနဲ့ အတည်ပြုမှတ်တမ်းခြင်းကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာနဲ့ပတ်သက်ပြီး အဆို တင်သွင်းရန် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီအစီရင်ခံစာအပေါ် ဝေဖန်ဖို့ ကျွန်တော်စောင့်နေတာပါ။ တင်သွင်းဖို့။ သို့သော်လည်း အခု မိုက်တောင်းလို့ရတဲ့အတွက် ကျွန်တော် ပြောခွင့်ပြုပေးပါ။ တင်ပြခွင့်ပြုပေးပါ။ ကျွန်တော်ကတော့ ကလေးဝမဲဆန္ဒနယ်က ဦးစိုးသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအစီရင်ခံစာပေါ်မှာ လေ့လာ သုံးသပ်ကြည့်တဲ့အချိန်မှာ ကျွန်တော်တို့တွေ့ရတဲ့အချက်ကတော့ ဒီနေ့ ပါတီစုံဒီမိုကရေစီနိုင်ငံတော် နှင့် ပတ်သက်လို့ ကျွန်တော်တို့လေ့လာမှုတွေ လွှတ်တော်ကရော၊ ဝန်ကြီးဌာနတွေက အမြဲတမ်းနိုင်ငံ တကာကိုသွားရောက်နေကြပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့က အတုယူသင့်တာတွေ၊ ပြင်သင့်တာ၊ ရေးဆွဲသင့်တာတွေ ကျွန်တော်တို့ ပြင်ဆင်ရေးဆွဲနေကြပါတယ်။ ထို့အတူပဲ အခု လွှတ်တော်အခွင့် အရေးကော်မတီက အပိုဒ် ၁၈ မှာတင်ပြထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ အခွင့်အရေးနှင့် ပတ်သက်လာရင်လည်း ကျွန်တော်တို့ နိုင်ငံတကာနှင့်ကွာဟမှု ဘယ်လိုရှိနေသလဲ။ ဘယ်လောက် ဖြစ်နေသလဲ။ ဒါတွေလည်း ကျွန်တော်တို့ သုံးသပ်ဖို့လိုပါလိမ့်မယ်။ ကျွန်တော်တို့ တိုးပြီးတောင်း တာမဟုတ်ပါဘူး။ နိုင်ငံ့ဂုဏ်တက်အောင် နောက်ပြီး အခုပြောနေကြတဲ့၊ ဆိုနေကြတဲ့ ဒေါ်နန်းဝါနုတို့ ပြောကြတဲ့ သွားလာစရိတ်တွေရော၊ ဒါတွေလည်း ကျွန်တော်တို့ သုံးသပ်သင့်တယ်လို့ ကျွန်တော်

အကြံပြုတာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ လွှတ်တော်အခွင့်အရေးဆိုပြီးတော့ ကျွန်တော်တို့ ကော်မတီရှိပါတယ်။ ကျွန်တော်တို့ အခု လွှတ်တော်ထဲမှာတင်ပြနေတဲ့ကိစ္စတွေဟာ TV နဲ့ လွှတ်တော် ဂျာနယ်မှာပဲ ပါပါတယ်။ ကျွန်တော်တို့ တင်ပြတဲ့ဟာ နိုင်ငံပိုင်သတင်းစာတွေမှာလည်း မပါပါဘူး။ အခု လွှတ်တော်ဂျာနယ်ထဲတောင်မှ ကျွန်တော်တို့တင်ပြတာလေးတွေ မပါတော့ ကျွန်တော်တို့ဟာ နယ်မြေ မှာတင်ပြရတာတွေ အားနည်းပါတယ်။ ကျွန်တော်တို့ရဲ့နယ်မြေဆင်းပြီး လွှတ်တော်နဲ့ကိစ္စရော၊ ရပ်ရွာ ကိစ္စရော အကုန်လုံးဆင်းတဲ့ သတင်းတွေလည်းပို့ပါတယ်။ ပို့ပေမယ့် မပါပါဘူး။ ဒါ ကျွန်တော်တို့ အနေနဲ့ ခံစားနေရတဲ့ကိစ္စလေးတွေပါ။ တွေ့ကြုံနေရတဲ့ကိစ္စလေးတွေပါ။ ဒါလေးတွေကိုလည်း ပြုပြင် ပြီးတော့ ဖြည့်စွက်နိုင်ရင်လည်း ဖြည့်စွက်ပေးဖို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီရင်ခံစာအတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံ စာအား လွှတ်တော်မှအတည်ပြုပေးပါရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ကျွန်တော် ဦးစောလှထွန်းက အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုမှတ်တမ်းတင်နိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ လွှတ်တော် အခွင့်အရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း မှတ်တမ်းတင်ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအစီရင်ခံစာမှာ ပါလာတဲ့ မေးခွန်းများကိစ္စ၊ ချီးမြှင့်ငွေနဲ့အသုံးစရိတ်ကိစ္စ ကတော့ သီးခြားလွှတ်တော်အတွင်းမှာ သက်ဆိုင်ရာကော်မတီများနဲ့ ညှိနှိုင်းဆွေးနွေးပြီးမှပဲ ဆက်လက် ဆောင်ရွက်သွားရမယ့်ကိစ္စဖြစ်ပါတယ်။ ဒီနေ့ကတော့ အဓိက လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြတဲ့အစီရင်ခံစာ ရှင်းလင်းတင်ပြဖို့နဲ့ မှတ်တမ်းတင်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော် ထဲမှာ ခုနကဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိစ္စရပ်တစ်ခုတည်းမဟုတ်ဘူး။ လွှတ်တော် အခွင့်အရေး ကိစ္စတစ်ခုတည်း မဟုတ်ဘူး။ နိုင်ငံ့အတွက်ပါဖြစ်တယ်ဆိုတဲ့ ကိစ္စရပ်နဲ့ပတ်သက်လို့ ဆက်လက်ပြီး တော့ တာဝန်ပေးပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း ထပ်မံတင်ပြအပ်ပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် ၂၉-၅-၂၀၁၄ (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၄၅ နာရီအချိန် တွင်ရပ်နားပါသည်။]